# ဖွားဘုတ်ပြင်ကျေးရွာ

# လောင်းလုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖွားဘုတ်ပြင်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဖွားဘုတ်ပြင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| | | |
| | **အပိုင်း (က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး** | ၁၁ |
| ၈။ | **ဘာသာရေးအဆောက်အဦများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| | **အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** | |
| | စီမံချက်အဆိုပြုလွှာ (၁) | ၁၆ |
| | စီမံချက်အဆိုပြုလွှာ (၂) | ၁၈ |
| | စီမံချက်အဆိုပြုလွှာ (၃) | ၂၀ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၂ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၃ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၁ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့်သက်ဆိုင်ရာ ဦးစီးဌာန

အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖွားဘုတ်ပြင်ကျေးရွာ
လောင်းလုံးမြို့နယ်

## ဖွားဘုတ်ပြင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



# အပိုင်း (က)

## ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသ တစ်ခု ဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ အနောက်မြောက်ဘက် ပိုင်းတွင်တည်ရှိပြီးရေဖြူမြို့နယ်၊ထားဝယ်မြို့နယ်များနှင့်ထိစပ်လျက်ရှိပါသည်။

ဖွားဘုတ်ပြင်ကျေးရွာသည် အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စုတွင် ပါဝင် ပါသည်။ ဖွားဘုတ်ပြင်ကျေးရွာသို့ လောင်းလုံးမြို့နယ် နခံတောကျေးရွာမှ စခန်းကြီးကျေးရွာ သို့ ဖြတ်ပြီးဝင်နိုင်သလို မြို့ဟောင်းကျေးရွာနှင့် ဒေါင်းရှောင်ကျေးရွာတို့မှ ဘူချိုင်းကို ဖြတ် ပြီးလည်း ရောက်ရှိနိုင်ပါသည်။ တောင်ဘက်တွင် စွန်တောင်ပေါ်ကျေးရွာ၊ မြောက်ဘက်တွင် ဘူချိုင်းကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပါသည်။ ထို့နောက် အရှေ့ဘက်တွင် လယ်ကွင်းများနှင့် ဥယျာဉ်ခြံများရှိပြီး အနောက်ဘက်တွင် ရော်ဘာခြံများ၊ ဥယျာဉ်ခြံများ၊ တောင်တန်းများလည်းရှိပြီး ထိုတောင်တန်းများမှတစ်ဆင့် ပန်းတင်အင်းကျေးရွာကိုလည်း သွားရောက် နိုင်ပါသည်။ ဖွားဘုတ်ပြင်ကျေးရွာသည် လောင်းလုံးမြို့နယ်မှ (၂၂)မိုင်ခန့်နှင့် ထားဝယ်မြို့မှ (၁၀)မိုင်ခန့် ကွာဝေးသဖြင့် နေ့ချင်းပင် သွားရောက်နိုင်ကြပြီး လမ်းပန်းဆက် သွယ် ရေးလည်း ကောင်းမွန်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ် ဖွားဘုတ်ပြင် ကျေးရွာ၏ ၂၀၁၈ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၅၀)ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂)လက်မအထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတု ဖြစ်ပြီး တစ်နှစ်ပျမ်းမျှအပူချိန်မှာ (၂၈)ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။

ဖွားဘုတ်ပြင်ကျေးရွာတွင် သဘာဝအရင်းအမြစ်များဖြစ်သော ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေးနှင့် သဲများ မရရှိနိုင်ပါ။ လူတို့အတွက် အသုံးဝင်သော ဆေးဖက်ဝင် အပင်မျိုးစိတ် (ဆင်တုံးမနွယ်ပင်)များကို အနည်းအကျဉ်း ရရှိပါသည်။ လက်လှမ်းမီမှုမှာ တောင်တန်းဒေသသို့ (၁)မိုင်နီးပါးလောက် ခြေလျင်ဖြင့် သွားရပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များဖြစ်သော ချေ၊ တောဝက်၊ တောကြောင်၊ သင်းခွေချပ်၊ဖြူ၊ တောရှဥ့် စသည့် တို့ကို တောတောင်ထဲတွင် အသင့်အတင့်ရရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဖွားဘုတ်ပြင်ကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ သာရေးနာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး၊ ရွာ၏ဘေးကင်းလုံခြုံရေး စသည်တို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ အပျို/လူပျိုအဖွဲ့၊ လူလတ်အသင်း၊ နာရေးကူညီမှုအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်ကိုယ်စားလှယ်အဖွဲ့၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုအဖွဲ့ စသည့်ဖြင့် အဖွဲ့များအားလုံးသည် ကျေးရွာအတွက် သက်ဆိုင်ရာဘက်များမှ အားကောင်းစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဖွားဘုတ်ပြင်ကျေးရွာ၏ **အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီးတစ်ရာသီသာ စိုက်ပျိုးနိုင်ပါသည်။ အထွက်နှုန်းမှာ အနည်းဆုံး (၂၀) တင်းမှ အများဆုံး (၄၀) တင်းလောက်သာ ရရှိကြပြီး ပျမ်းမျှအားဖြင့် တစ်ဧကလျှင် တင်း (၃၀) ခန့် ထွက်ရှိပါသည်။ စပါးအထွက်နှုန်းနည်းရခြင်းမှာ လယ်သမားအများစုသည် မျိုးကောင်းမျိုးသန့်များ လက်လှမ်းမမီခြင်း၊ ဓာတ်မြေဩဇာများကိုလည်း စနစ်တကျမသုံးစွဲတတ်ခြင်း၊ ပိုးမွှားရောဂါများ ကျရောက်ခြင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ အသိပညာများ အားနည်းခြင်းစသည်တို့ကြောင့်ဖြစ်ပါသည်။ ချောင်းများ တိမ်ကော၍ လယ်မြေများ ရေကြီးရေလျှံမှုများကိုလည်း နှစ်စဉ်ကြုံတွေ့ နေရပါသည်။ မိုးရာသီတွင် ရာသီပေါ်သီးနှံများကို ဥယျာဉ်ခြံမြေများ၌ စိုက်ပျိုးကြပြီး ပွင့်လင်းရာသီတွင် အများစုက လယ်မြေများပေါ်တွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။**

(ခ) မွေးမြူရေးလုပ်ငန်း

ဖွားဘုတ်ပြင်ကျေးရွာတွင် ကြက်၊ ဝက်၊ ဘဲနှင့် နွားစသည့် တိရစ္ဆာန်များကို စီးပွားဖြစ်မွေးမြူသူ မရှိဘဲတစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။ ကြက်များကိုမူ ခြံဖြင့်မွေးမြူခြင်း မဟုတ်ဘဲ အပြင်တွင်လွှတ်၍မွေးမြူကြပြီး ဝက်များကို တစ်အိမ်လျှင် (၃-၄)ကောင်အထိ တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ဝက်မွေးမြူမှု အားနည်းရခြင်းမှာ ဝက်မျိုးကောင်းမျိုးသန့်များ လက်လှမ်းမမီခြင်း၊ ဝက်နာများကျရောက်ခြင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ အသိပညာ ဗဟုသုတများ အားနည်းခြင်း စသည့်တို့ကြောင့်ဖြစ်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာအတွင်း အခြားဝင်ရငွေလုပ်ငန်းများအဖြစ် လက်သမား၊ ပန်းရံလုပ်ငန်း၊ အပ်ချုပ်စက်လုပ်ငန်း၊ ဈေးဆိုင် ရောင်းဝယ်ရေးလုပ်ငန်း၊ သုံးဘီးဆိုင်ကယ် ပို့ဆောင်ရေး လုပ်ငန်း၊ ဝန်ထမ်းလုပ်ငန်း စသည့်လုပ်ငန်းများကို အသီးသီးလုပ်ကိုင်ကြပါသည်။အချို့မှာ နေ့စားကျပန်းလုပ်သားများလည်း ရှိပါသည်။ ထို့နောက် ဈေးဝယ်သူများက ဒေသမှထွက် ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဝယ်ယူ၍ မြို့ဟောင်းကျေးရွာနှင့် ထားဝယ် (ကမ်းနားဈေး) တို့တွင် တစ်ဖန် ပြန်လည်ရောင်းချ၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ အများအားဖြင့် လူငယ်များနှင် လူကြီးများသည် မိုးရာသီတွင် လယ်များလုပ်ကိုင်ကြပြီး နွေရာသီတွင် နေ့စားကျပန်းအလုပ်၊ ပန်းရံအလုပ်များကို ဦးစားပေးလုပ်ကိုင်ကြပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဖွားဘုတ်ပြင်ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်မှချေးငွေ ရရှိပါသည်။ အတိုးနှုန်းမှာ(၇၅)ပြား ဖြစ်သောကြောင့် လယ်ယာလုပ်ကိုင် သူများအတွက် အတော်အဆင်ပြေပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိထားသော ကျေးရွာလည်းဖြစ်ပြီး မြစိမ်းရောင်ချေးငွေ၏ အတိုးနှုန်းမှာ (၁%)သာဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်လိုသူများ၊ အရောင်းအဝယ်လုပ်ကိုင်လိုသူများ၊ အသက် မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ရရှိသဖြင့် ကျေးရွာနေပြည်သူများအတွက် အဆင်ပြေလှပါသည်။ ထို့အပြင် ကျေးရွာရန်ပုံငွေ အဖွဲ့အစည်း များမှ ချေးငွေများလည်း ရှိသောကြောင့် မိသားစုစားဝတ်နေရေးနှင့် အရေးပေါ် ကိစ္စရပ်များ အတွက် အဆင်ပြေစေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဖွားဘုတ်ပြင်ကျေးရွာတွင် ကျေးရွာချင်းဆက်လမ်း(၃) လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြပါသည်။ ကျေးရွာတွင်းလမ်း (၄) လမ်းရှိပြီး လမ်းအကျယ် (၁၀)ပေရှိ မြေသားလမ်း များဖြစ်ကြပါသည်။ အချို့လမ်းသွယ်များသည် လယ်ကွင်းနံဘေးတွင်ရှိသောကြောင့် မိုးရာသီ မိုးသည်းထန်လျှင် လမ်းပေါ်ရေကျော်ခြင်းများလည်း ရှိပါသည်။ ထို့ကြောင့် ကျောင်းသား/ ကျောင်းသူကလေးများအတွက် သွားလာရေး အခက်အခဲများရှိပါသည်။ လမ်းပျက်စီးပါက ကျေးရွာသူ/သားများ စုပေါင်း၍ ပြုပြင်သွားလာနေကြရသဖြင့် ကျေးရွာတွင်းလမ်းများကို ကျောက်ခင်းလမ်းမှတဆင့် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်လိုကြသည်။

ကျေးရွာအဝင်တံတား (၂) စင်းရှိပါသည်။ (၁၄×၁၀×၈)ပေရှိသော ကွန်ကရစ်တံတားမှာ အခြေအနေ ကောင်းမွန်ပါသည်။ ကျန်တစ်စင်းမှာ ရေပြွန်ဖြစ်ပြီး အခြေအနေမှာ အလွန်ဆိုးဝါးနေသဖြင့် ကွန်ကရစ်တံတား တည်ဆောက်ရန် လိုအပ်နေပါသည်။ ကျေးရွာနှင့် မြို့များသို့ သွားလာရန်နှင့် ကျေးရွာထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်း ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များကို အဓိကထား၍ အသုံးပြုသွားလာနေကြရပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ယခင်က ပုဂ္ဂလိကဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်မီးကို တစ်ယူနစ်လျှင် (၇၀၀)ကျပ်နှုန်းဖြင့် တစ်ရွာလုံးနီးပါး သုံးစွဲကြပါသည်။ ယခုအချိန်တွင် လျှပ်စစ်မီးတိုင်များဝင်လာသော အချိန်မှစ၍ မီးများကို တစ်ရွာလုံး ဖြတ်တောက် လိုက်သောကြောင့် ဖယောင်းတိုင် မီးများ၊ ရေနံဆီမီးခွက်များကိုသာ အသုံးပြုနေကြရပါသည်။ ကလေးငယ်များနှင့် ကျောင်းသား/သူများအတွက် စာကျက်ရန် အခက်အခဲများစွာ ရှိနေပါသည်။ ယခုလက်ရှိအချိန်တွင် ကျေးရွာအတွင်းသို့ ဓာတ်မီးတိုင်များ၊ မီးကြိုးများ၊ Transformer များတပ်ဆင်ပြီးဖြစ်သော်လည်း လျှပ်စစ်မီးဖြန့်ဝေမှုများ မရရှိသေးပါ။ လျှပ်စစ်မီးရရှိပါက ကျောင်းသား/သူများ၏ ပညာရေးအခြေအနေများ တိုးတက်ကောင်းမွန် လာနိုင်သကဲ့သို့ ကျေးရွာသူ/သားများအတွက် ကုန်ကျငွေများ သက်သာစေကာ အသေးစား/အလတ်စား စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်လာနိုင်မည် ဖြစ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဖွားဘုတ်ပြင်ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ကောင်းမွန်စွာ မမိသောကြောင့် သက်ဆိုင်ရာ ဦးစီးဌာန(သို့) စီးပွားရေး လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ဖုန်းတာဝါတိုင်များ စိုက်ထူရန် လိုအပ်နေပါသည်။ ဖုန်းလိုင်းများ ကောင်းမွန်စွာမိပါက အင်တာနက်မှ တစ်ဆင့် သတင်း အချက်အလက်နှင့် နည်းပညာရရှိမှု၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတ၊ လူငယ်များအတွက် အသိပညာပေး ဗဟုသုတများ ရယူမှုတွင် အထောက်အပံ့ရ စေနိုင်မည်ဖြစ်ပါသည်။ ကျေးရွာအတွင်းတွင် စာကြည့်တိုက် တစ်ခုရှိသော်လည်း စာအုပ်စာတမ်းများ၊ ဂျာနယ်များ၊ သတင်းစာများ ပြည့်စုံစွာမရှိပါ။ စာဖတ်မည့်သူများလည်းမရှိပါ။ ထို့ကြောင့် စာအုပ်စာတမ်းများ၊ သတင်းစာများ၊ ဂျာနယ်များ ဖြည့်တင်းရန် လိုအပ်နေပြီး ကျေးရွာရှိ လူငယ်များ၊ လူကြီးများကို စာဖတ်ရန်အတွက်လည်း တိုက်တွန်းနိုးဆော်မှုများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

## ၆။ ပညာရေး

ဖွားဘုတ်ပြင်ကျေးရွာတွင် အခြေခံပညာမူလတန်းအဆင့်ကို သင်ယူရရှိနိုင်ပြီး မူလတန်း ကျောင်းတွင် (၉၀×၃၀)ပေ ရှိသော တစ်ထပ်တိုက် စာသင်ကျောင်းဆောင်တစ်ဆောင် ရှိပါသည်။ ကျောင်းသား/သူများမှာ ကျား(၆၂) ဦးနှင့် မ(၅၅)ဦးရှိပြီး၊ ကျောင်းဆရာမ (၅) ဦး ရှိပါသည်။ကျောင်းတွင် စာသင်ဆောင်နှင့် ကျောင်းသား/သူများ၏ အချိုးမှာ လုံလောက်မှု မရှိပါ။ ထို့ကြောင့် စာသင်ဆောင်တစ်ဆောင် အသစ်တည်ဆောက်ရန် လိုအပ်နေပါသည်။ သို့သော်လည်း ယခုကျောင်းဝန်းကျင်ထဲတွင် မြေနေရာ အလုံအလောက်မရှိပါ။ ကျောင်းအိမ်သာများမှာ သုံးခန်းတွဲ အိမ်သာတစ်လုံး ရှိပြီး (၁)ခန်းမှာ ဆရာ/မများအတွက် နှင့် ကျန်(၂)ခန်းမှာ ကျောင်းသား/သူများအတွက် ဖြစ်ကာ သန့်ရှင်းမှုလည်းရှိပါသည်။

ကျောင်း၏အရှေ့မျက်နှာတွင် အုတ်တံတိုင်းခြံစည်းရိုး ကာရံထားပြီး ကျန်(၃)မျက်နှာတွင် ခြံစည်းရိုးများ မရှိသေးသဖြင့် ကျောင်းခြံစည်းရိုး(၃) မျက်နှာအတွက် အလျား(၃၁၄)ပေ၊ အနံ (၆)ပေရှိသော ခြံစည်းရိုးကာရန်ရန် လိုအပ်နေပါသည်။ ကျောင်းသုံး ပရိဘောဂများ၊ အားကစားပစ္စည်းများလည်း လုံလောက်မှု မရှိသောကြောင့် ထပ်မံဖြည့်စွက်ရန် လိုအပ်နေပါသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လုံလောက်မှု ရှိပါသည်။ ကျောင်းတွင် စက်ရေတွင်း(၁)တွင်းနှင့် ရေကန်(၁)ကန်လည်း ရှိသောကြောင့် ကလေးများ သောက်သုံးရေအတွက် အခက်အခဲမရှိပါ။ ကျောင်းစရိတ် မတတ်နိုင်သော ကလေးများအနည်းငယ် ရှိပြီး ကျေးရွာရှိ အနာဂတ် အလင်းရောင်အဖွဲ့မှ ကူညီထောက်ပံ့ပေးပါသည်။ မိဘဆရာအသင်းများ၏ကူညီထောက်ပံ့မှုလည်း အားကောင်းပါသည်။ ရွာထဲတွင် ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် မူကြိုကျောင်း တစ်ကျောင်းရှိပါသည်။ မူကြိုကျောင်းသားဦးရေမှာ (၅၇)ဦး ရှိပါသည်။ မူကြိုကျောင်းတွင် ကစားမည့်နေရာလည်းရှိပြီး သန့်ရှင်းမှုလည်း ရှိပါသည်။ ကျေးရွာအတွင်းတွင် စာသင်ကျောင်းနှင့် မူကြိုကျောင်းများ ရှိခြင်းကြောင့် ကလေးငယ်များ အဝေးသို့မသွားရဘဲ သင်ကြားရသဖြင့်အဆင်ပြေလှပါသည်။

အလယ်တန်းအဆင့် ပညာရေးအား ကျေးရွာမှ (၂) မိုင်ခန့်ဝေးသော စခန်းကြီးကျေးရွာနှင့် မြို့ဟောင်းကျေးရွာတို့တွင် စက်ဘီးဖြင့် သွားရောက် ပညာသင်ကြားကြရပါသည်။ အထက်တန်း အဆင့်ပညာရေးအား မြို့ဟောင်းကျေးရွာ အခြေခံအထက်တန်းကျောင်းနှင့် ထားဝယ်မြို့ပေါ်တွင် သွားရောက်ပညာသင်ကြရပါသည်။ မိုးရာသီကာလများတွင် လမ်းများပျက်စီးသဖြင့် ကျောင်းသား/သူများ သွားရေးလာရေး အခက်အခဲများစွာ ရှိပါသည်။ စားဝတ်နေရေး အဆင်မပြေသော အိမ်ထောင်စုများတွင် ကလေးများသည် မူလတန်းပညာကိုသာ သင်ယူကြရပြီး စက်ဘီးလိုအပ်မှု၊ ကျောင်းစရိတ် မတတ်နိုင်မှု တို့ကြောင့် မူလွန်ပညာကို သင်ကြားခွင့် မရရှိတော့ပါ။ ထိုကလေးများသည် ကျောင်းထွက်၍

မိဘ၏အလုပ်များကို ကူလုပ်ပေးကြရပါသည်။ တစ်ချို့ကလေးများက ကျပန်းအလုပ်များကို အဆင်ပြေသလို လုပ်ကိုင်နေကြရပါသည်။ အထက်တန်းအဆင့် ကျောင်းနေသူဦးရေ နည်းပါးသဖြင့် ကျေးရွာအတွင်းဘွဲ့ရပညာတတ်များလည်း နည်းပါးပါသည်။ လက်ရှိ ပညာရေး အခြေအနေကိုသုံးသပ်ရာတွင် အလယ်တန်းအဆင့် ပညာသင်ယူရန် အခက်အခဲ ရှိနေကြပါသည်။ ထို့ကြောင့် ဖွားဘုတ်ပြင်ကျေးရွာတွင် မူလွန်ကျောင်းအဆင့် မြှင့်တင်ပေးရန်နှင့် ပညာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

**၇။ ကျန်းမာရေး**

ဖွားဘုတ်ပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကျန်းမာရေး ကြီးကြပ်(၂) ဆရာမတစ်ဦးရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း ဆရာမနေထိုင်ရန် ကျေးလက် ဆေးပေးခန်း မရှိသောကြောင့် ကျေးရွာချင်းကပ် ဘူချိုင်းကျေးရွာတွင် သွားရောက် နေထိုင်သဖြင့် ကျေးရွာအတွင်း ကျန်းမာရေး စောင့်ရှောက်မှုများအတွက် အချိန်မရွေး မရရှိနိုင်ပါ။ အများအားဖြင့် ဒေါင်းရှောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက် ကုသကြရပါသည်။ ရောဂါပြင်းထန်လာလျှင် ထားဝယ်မြို့နယ်ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်၍ ကုသရပါသည်။

အဓိကအားဖြင့် ရာသီအလိုက်ဖြစ်တတ်သော သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဖျားနာရောဂါများ ဖြစ်တတ်ပါသည်။ သွေးတိုး၊ သွေးပေါင်ကျ၊ ဆီးချို၊ လေးဖက်နာ၊ အရေပြား၊ လိပ်ခေါင်း၊ ချောင်းဆိုး၊ ပန်းနာရင်ကြပ်၊ B ပိုး၊ C ပိုး၊ အသည်းရောင်အသားဝါများ စသည့် ရောဂါများ အနည်းအကျဉ်း ဖြစ်ပွားမှုရှိပါသည်။ ထို့ကြောင့် World Vission အဖွဲ့မှ ကျေးရွာအတွင်း ကိုယ်ဝန်သည်၊ ကလေးငယ်ရှိသော အိမ်များသို့ သန့်ရှင်းသော အိမ်သာ (၄၃)လုံး ဆောက်လုပ်ပေးထားပါသည်။ ထို့အပြင် (၂)လ(သို့) (၄)လ (သို့) (၆)လ တစ်ကြိမ်၊ ဝက်သက်ရောဂါနှင့် ဖြက်သိုးကို (၉)လ တစ်ကြိမ်၊ ပိုလီယိုရောဂါကို (၄ -၆) လ ထိ၊ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး၊ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများ ကိုလည်း အသီးသီး ထိုးပေးကြပါသည်။ ကိုယ်ဝန်သည်များအတွက် B1,BA သံဓာတ် အားဆေးကိုလည်း တိုက်ကျွေးပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**ဖွားဘုတ်ပြင်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးခြင်း၊ မုန်တိုင်း ကျရောက်ခြင်း စသည့်အန္တရယ်များ မရှိပါ။ မိုးရာသီတွင် လူငယ်လူရွယ်များစုပေါင်း၍ ပျက်စီးနေသော လမ်းများကို မြေဖို့ခြင်းများ ပြုလုပ်ဆောင်ရွက်ပါသည်။ မိမိ၏အိမ်ရှေ့တွင် မိမိတို့ကိုယ်တိုင် ရေမြောင်းများကို တူးဖော်ကြပါသည်။ မိမိအိမ်မှ ထွက်ရှိသော အမှိုက်များ**

**အား စုပုံပြီး ခြံထဲတွင် မီးရှို့ပစ်ကြပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အစီအစဉ် ရေးဆွဲထားခြင်းမျိုး မရှိပါ။**

### ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရပ်ရေးရွာရေး အုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများ ဦးဆောင်ပြီး အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း အုပ်ချုပ်မှု စီမံခန့်ခွဲရာတွင် ပိုမိုသေချာမှုရှိစေရေးအတွက် ရပ်မိရပ်ဖ အဖွဲ့များတွင် အမျိုးသမီးများ ပါဝင်ဖွဲ့စည်းထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆိုင်သော အဖွဲ့အစည်းများတွင် အမျိုးသားများပါဝင်သကဲ့သို့ အမျိုးသမီးများ၏ ပါဝင်မှုလည်း အားကောင်းပါသည်။ အုပ်ချုပ်ရေးမှအပ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီး အများဆုံး ပါဝင်ပါသည်။ အလုပ်လုပ်နိုင်သောဦးရေမှာ အမျိုးသားများထက် အမျိုးသမီးများက အနည်းငယ်များပါသည်။ ကျား/မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာတွင် မိန်းမပျို/ အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ပါ။

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

| ကျေးရွာအုပ်စုအမည် - စခန်းကြီး | | | ကျေးရွာအမည် - ဖွားဘုတ်ပြင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ကာကွယ်ဆေး ထိုးခြင်း | ကျေးလက်ကျန်းမာရေးဆေးပေးခန်း (၂၀×၁၅×၁၂)ပေ ဆောက်လုပ်ခြင်းလုပ်ငန်း (RC) (၁)ထပ် | ၂၀၁၈ခု ဘဏ္ဍာနှစ် ပထမဦးစားပေး |
| ၂ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | တံတားတည်ဆောက်ခြင်းလုပ်ငန်း ( ၁၄×၅) ပေ | ၂၀၁၈ခု ဘဏ္ဍာနှစ် ပထမဦးစားပေး |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | မြေဖို့ခြင်းလုပ်ငန်း (၂၀×၂၀×၅) ပေ | ၂၀၁၈ခု ဘဏ္ဍာနှစ် ပထမဦးစားပေး |
| ၄ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | စွန်တောင်ပေါ်-ဖွားဘုတ်ပြင်ကျေးရွာချင်းဆက်လမ်း( ၂)မိုင်အား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ဒုတိယဦးစားပေး |
| ၅ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း (၂) မိုင်အား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | တတိယဦးစားပေး |
| ၆ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအဝင်တံတား ( ၂၀×၈×၈)ပေ အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်ခြင်း | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းခြံစည်းရိုး ( ၃၁၄ )ပေ ကာရံခြင်း | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအဆောက်အဦ ( ၄၀×၂၀ )ပေ တိုးချဲ့တည်ဆောက်ရန် လိုအပ်ခြင်း | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းသုံး စာရေးခုံ ပရိဘောဂ ( ၂၀) စုံအား ဖြည့်ဆည်းခြင်း | |
| ၁၀ | စိုက်ပျိုးရေး | စက်ကိရိယာ | ချောင်းကော မြောင်းကောများ တူးဖော်ရန် လိုအပ်ခြင်း ( ‘) | |

| ကျေးရွာအုပ်စုအမည် - စခန်းကြီး | | | ကျေးရွာအမည် - ဖွားဘုတ်ပြင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၁ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများလိုအပ်ခြင်း(ကွန်ပျူတာ၊ ဆိုင်ကယ်) | |
| ၁၂ | လူငယ်နှင့် အားကစား | အားကစား | ကျေးရွာစာကြည့်တိုက်တွင် စာအုပ်စာတမ်းများဖြည့်တင်းရန်လိုအပ်ခြင်း | |
| ၁၃ | မွေးမြူရေးနှင့် ငါးလုပ်ငန်း | နည်းပညာ | မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ လိုအပ်ခြင်း | |
| ၁၄ | မွေးမြူရေးနှင့် ငါးလုပ်ငန်း | နည်းပညာ | မျိုးကောင်းမျိုးသန့်များရရှိရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| ၁၅ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများပုံမှန်ပြုလုပ်ပေးရန် လိုအပ်ခြင်း | |

# အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

| | |
|---|---|
| ကျေးရွာ - ဖွားဘုတ်ပြင်<br>ကျေးရွာအုပ်စု - စခန်းကြီး<br>မြို့နယ် - လောင်းလုံး<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ | |
| **စီမံချက်အမည်** -ကျေးလက်ကျန်းမာရေးဆေးပေးခန်း (၂၀×၁၅×၁၂)ပေ ဆောက်လုပ်ခြင်းလုပ်ငန်း (RC) (၁)ထပ် | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ကျေးရွာအတွင်းတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အဆောက်အဦနေရာမရှိပါ။<br>• ကျန်းမာရေးကြီး ကြပ်(၂)ဆရာမ နေထိုင်ရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများပေးရန် အခက်အခဲဖြစ်နေပါသည်။<br>• ကျေးရွာအတွင်း နေထိုင်ကြသော မိသားစုများအားလုံးသည် မိုးရာသီ၊ နွေရာသီတွင် ဖြစ်ပေါ်လာသော ရောဂါမှန်သမျှ ဆေးကုသမှုအချိန်မီ ဆရာမနှင့် တိုက်ရိုက်ထိတွေ့မှု အလွယ်တကူမရရှိသဖြင့်အသက်အန္တရာယ်နှင့် ကြုံတွေ့နေရပါသည်။ ငွေကြေးမတတ်နိုင်သူများအတွက် အသက်ဆုံးရှုံးသွားနိုင်ခြေရှိပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ကျေးရွာအတွင်းတွင် ကျန်းမာရေးနှင့်ပတ်သက်သော အဆောက်အဦတစ်ခု ရရှိရန်<br>• ကျန်းမာရေးကြီးကြပ်(၂)ဆရာမ နေထိုင်နိုင်ရန်နှင့် ကျန်းမာရေးဝန်ဆောင်မှု အချိန်ပြည့်ရရှိရန်<br>• မိခင်နှင့်ကလေးများ ကျန်းမာရေးစောင့်ရှောက်မှု အချိန်ပြည့်ရရှိရန်<br>• ကျေးရွာသူ/သားများ ကျန်းမာရေးစောင့်ရှောက်မှုအချိန်တိုင်း ရရှိပြီး သာယာလှပသော မိသားစု ဘဝကို ပိုင်ဆိုင်နိုင်ရန် | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ကျန်းမာရေးဆေးပေးခန်းတစ်ခုရှိလာလျှင် ကျေးရွာအတွင်းရှိ ရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ အချိန်အခါမရွေး ရရှိနိုင်မည်။ ငွေကြေးမပြည့်စုံသူများအတွက်လည်းကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်လာမည်။<br>• ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မည်။<br>• ကျန်းမာရေးနှင့်ပတ်သက်သော ဟောပြောပွဲများကိုလည်း အချိန်မရွေးပြုလုပ်လာနိုင်မည်။<br>• ကျေးရွာအတွင်း ရွာသူ/သားများ ကျန်းမာရေးဗဟုသုတများ ရရှိလာခြင်းကြောင့် မိသားစုများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပြီး လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာနိုင်မည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ကျေးလက်ကျန်းမာရေးဆေးပေးခန်း (၂၀×၁၅×၁၂)ပေ ဆောက်လုပ်ခြင်းလုပ်ငန်း(RC) (၁)ထပ်၊ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၉၃ | ၅၃၁ | ၁၀၂၄ | ၂၀ | ၇၂ | ၈၈ | ၂၂ | ၂၀၂ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၉၃ | ၅၃၁ | ၁၀၂၄ | ၂၀ | ၇၂ | ၈၈ | ၂၂ | ၂၀၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရာအိမ်မှူး ၊ရပ်မိရပ်ဖအဖွဲ့နှင့်
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** -၂၀၁၈ ခုနှစ်၊ ဩဂုတ်လ( ဒုတိယပတ်)

**(၃) စီမံချက်ပြီးစီးမည့်အချိန်** -၂၀၁၈ခုနှစ်၊ စက်တင်ဘာလ( တတိယပတ်)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်း ပြောကြားပါမည်။
- ထို့နောက် အလှူငွေထည့်ဝင်နိုင်မှု၊ လုပ်အားထည့်ဝင်နိုင်မှု၊ ပစ္စည်းပါဝင် ဆောင်ရွက်နိုင်မှုတို့အား ရှင်းလင်းပြောကြားပြီး ကျေးရွာမှ တတ်နိုင်သလောက် ကူညီဆောင်ရွက် ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- အဆောက်အဦ အခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်း သိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင် သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာသူ/သားများ၊ လုပ်ငန်း ရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

<table>
<tr><td colspan="2">ကျေးရွာ - ဖွားဘုတ်ပြင်<br>ကျေးရွာအုပ်စု - စခန်းကြီး<br>မြို့နယ် - လောင်းလုံး<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ</td></tr>
<tr><td colspan="2">စီမံချက်အမည် -စွန်တောင်ပေါ်-ဖွားဘုတ်ပြင်ကျေးရွာချင်းဆက်လမ်း( ၂)မိုင်အား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>• လက်ရှိတွင် စွန်တောင်ပေါ်-ဖွားဘုတ်ပြင်ကျေးရွာချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်ပါသည်။<br>• မိုးရာသီကာလသို့ ရောက်လျှင် ရေတိုက်စား၍ လမ်းများပျက်စီးခြင်း၊ မြေကျွံခြင်းများဖြစ်သောကြောင့် သွားရေးလာရေးခက်ခဲနေပါသည်။<br>• ရေမြောင်းများမရှိ၍ မိုးရာသီတွင် လမ်းရေကျော်ခြင်းတို့ကြောင့် ကျောင်းသား/သူများ သွားလာရေးမှာ အလွန်အခက်တွေ့နေပါသည်။<br>• ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း လမ်းမကောင်းခြင်းကြောင့် အချိန်နှောင့်နှေးခြင်းစသောအခက်အခဲများစွာဖြစ်နေပါသည်။</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>• ကွန်ကရစ်လမ်း ဆောင်ရွက်ပေးပါက ရွာသူ/သားများ အချိန်မရွေးသွားလာရေးအဆင်ပြေ လွယ်ကူစေရန်၊<br>• လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊<br>• ကျောင်းသူ/သားများ အခက်အခဲမရှိ သွားရေးလာရေးတွင် အဆင်ပြေချောမွေ့လာစေရန်၊<br>• စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ကုန်စည်ကူသန်းရောင်းဝယ်ရေးလုပ်ငန်းများစသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်။</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>• ရာသီအချိန်မရွေး သွားရေးလာရေး လွယ်ကူချောမွေ့လာမည်။<br>• ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်။<br>• ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အချိန်ကုန်သက်သာခြင်း၊ ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ အခက်အခဲမရှိ သွားလာနိုင်မည်။<br>• ကျေးရွာအတွင်း စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစရှိသည်ကိစ္စများအတွက် အဆင်ပြေလာပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်။</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• စွန်တောင်ပေါ်-ဖွားဘုတ်ပြင်ကျေးရွာချင်းဆက်လမ်း(၂)မိုင်အား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၂၁၁၂၀၀၀၀၀)ကျပ်ဖြစ်ပါသည်။</td></tr>
<tr><td colspan="2">စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့် အစီအစဉ်</td></tr>
<tr><td>• ၂၁၁၂၀၀၀၀၀(ငွေသား)<br>• လုပ်အား</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၉၃ | ၅၃၁ | ၁၀၂၄ | ၂၀ | ၇၂ | ၈၈ | ၂၂ | ၂၀၂ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၉၃ | ၅၃၁ | ၁၀၂၄ | ၂၀ | ၇၂ | ၈၈ | ၂၂ | ၂၀၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာလမ်းကော်မတီအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရာအိမ်မှူး ၊ ရပ်မိရပ်ဖအဖွဲ့၊
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၉ခု အောက်တိုဘာလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ခု စက်တင်ဘာလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားပါမည်။
- ထို့နောက် အလှူငွေထည့်ဝင်နိုင်မှု၊ လုပ်အားထည့်ဝင်နိုင်မှု၊ ပစ္စည်းပါဝင် ဆောင်ရွက်နိုင်မှုတို့အား ရှင်းလင်းပြောကြားပြီး ကျေးရွာမှ တတ်နိုင်သလောက် ကူညီဆောင်ရွက် ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသူလမ်းသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

| | |
|---|---|
| ကျေးရွာ | - ဖွားဘုတ်ပြင် |
| ကျေးရွာအုပ်စု | - စခန်းကြီး |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

**စီမံချက်အမည်** -ကျေးရွာတွင်းလမ်း (၂) မိုင်အား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- လက်ရှိကျေးရွာတွင်းလမ်း မြေသားလမ်းဖြစ်ပါသည်။
- မိုးရာသီကာလသို့ ရောက်လျှင် လမ်းပေါ်တွင် ရေကျော်ခြင်း၊ ရေအိုင်များကြောင့် လမ်းများပျက်စီးခြင်း၊ မြေကျွံခြင်းများဖြစ်သောကြောင့် သွားရေးလာရေးအလွန်ခက်ခဲနေပါသည်။
- လက်ရှိတွင် တစ်ချို့လမ်းသည် ကျယ်ပြီး တစ်ချို့တောင်ကုန်းနေရာရှိ လမ်းများသည် အလွန်ကျဉ်းမြောင်းနေပါသည်။
- ကျေးရွာအတွင်း ရေမြောင်းများမရှိ၍ မိုးရာသီတွင် လမ်းရေကျော်ခြင်း၊ အမှိုက်များ စုပုံခြင်းများဖြစ်နေပါသည်။
- ကျေးရွာအတွင်းရှိ လမ်းများသည် မညီမညာဖြစ်နေပြီး မပြေပြစ်သော တောင်ကုန်းလမ်းများလည်း ရှိနေပါသည်။
- ကျေးရွာအတွင်းရှိ ကျောင်းသား/သူကလေးငယ်များသည် မိုးရာသီတွင် ရေအိုင်များကို ဖြတ်ကျော်သွားလာနေရသဖြင့် အလွန်ကိုပင် အခက်တွေ့နေရပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာအတွင်း လမ်းအင်္ဂါရပ်နှင့် ပြည့်စုံစေရန်၊
- လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊
- ရာသီမရွေး သွားလာမှုလွယ်ကူစေရန်၊
- ကျောင်းသား/သူကလေးငယ်များ သွားရေးလာရေး ပိုမို အဆင်ပြေလာစေရန်၊
- ကျေးရွာနေပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ပို့ဆောင်ရေးလုပ်ငန်း စသည့်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေလာရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာအတွင်း ရာသီမရွေး သွားရေးလာရေး လွယ်ကူချောမွေ့လာမည်။
- ကျောင်းသား/သူများလည်း ကျောင်းသို့အချိန်မှန်သွားနိုင်ပြီး ကျောင်းစာများကို အာရုံစိုက်လာနိုင် ကာ အနာဂတ်တွင် ထူးချွန်ထက်မြက်သော ကြယ်ပွင့်ကလေးများ ဖြစ်လာနိုင်မည်။
- ကျေးရွာနေပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ကုန်စည် ကူးသန်း ရောင်းဝယ်ရေး လုပ်ငန်း စသည့်ကိစ္စရပ်များတွင် အထောက်အပံ့များစွာရရှိပြီး ကျေးလက်လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျေးရွာတွင်းလမ်း (၂) မိုင်အား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၂၁၁,၂၀၀,၀၀၀ )ကျပ်ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၂၁၁,၂၀၀,၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၉၃ | ၅၃၁ | ၁၀၂၄ | ၂၀ | ၇၂ | ၈၈ | ၂၂ | ၂၀၂ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၉၃ | ၅၃၁ | ၁၀၂၄ | ၂၀ | ၇၂ | ၈၈ | ၂၂ | ၂၀၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာလမ်းကော်မတီအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာလူငယ်အဖွဲ့၊
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၉ခုနှစ် အောက်တိုဘာလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ခုနှစ် စက်တင်ဘာလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားပါမည်။
- ထို့နောက် အလှူငွေထည့်ဝင်နိုင်မှု၊ လုပ်အားထည့်ဝင်နိုင်မှု၊ ပစ္စည်းပါဝင် ဆောင်ရွက်နိုင်မှုတို့အား ရှင်းလင်းပြောကြားပြီး ကျေးရွာမှ တတ်နိုင်သလောက် ကူညီဆောင်ရွက် ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီနှင့်ရပ်မိရပ်ဖ၊ ရာအိမ်မှူးနှင့် ကျေးရွာတာဝန်ခံအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ပါမည်။
- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသူလမ်းသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ (၁)

## ဖွားဘုတ်ပြင်ကျေးရွာ၊ စခန်းကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းစိန် | ဦးအေးရွှေ | ၆/လလန(နိုင်) ၁၀၈၇၀၆ | ၄၄ | နာယက | မရှိ |
| ၂ | ဦးဘရွှေ | ဦးအုန်းဟန် | ၆/လလန(နိုင်) ၀၅၁၉၈၀ | ၅၈ | နာယက | မရှိ |
| ၃ | ဦးဘရွှေ | ဦးအေးမောင် | ၆/လလန(နိုင်) ၀၅၁၉၀၉ | ၅၇ | နာယက | မရှိ |
| ၄ | ဦးစိန်သန်း | ဦးကျင်လွမ် | ၆/လလန(နိုင်) ၀၅၁၉၀၄ | ၄၅ | ဥက္ကဋ္ဌ | ၀၉- ၄၂၁၃၂၉၁၆၀ |
| ၅ | ဦးအောင်လှ | ဦးအောင်ဟံ | ၆/လလန(နိုင်) ၀၉၇၉၄၀ | ၄၆ | အတွင်းရေးမှူး | ၀၉-၇၆၉၇၁၈၈၂၅ |
| ၆ | ဒေါ်သန်းငွေ | ဦးထွန်းငွေ | ၆/လလန(နိုင်) ၀၅၁၉၁၀ | ၅၂ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၅၈၄၉၉၄၀ |
| ၇ | ဦးဟံစိုး | ဦးညံသီး | ၆/လလန(နိုင်) ၁၄၂၉၃၆ | ၂၀ | စာရင်းကိုင် | ၀၉-၄၀၄၇၀၀၁၅၆ |
| ၈ | ဒေါ်တင့်တင့်မွန် | ဦးမြစ်ရွှေ | လျှောက်ထားဆဲ | ၁၉ | အဖွဲ့ဝင် | မရှိ |
| ၉ | ဒေါ်ကြာနွဲ့ | ဦးဟံရွှေ | ၆/လလန(နိုင်) ၀၅၁၈၁၀ | ၅၁ | အဖွဲ့ဝင် | ၀၉-၇၈၈၉၀၈၇၀၀ |
| ၁၀ | ဦးစံလှ | ဦးဖေလှိုင် | ၆/လလန(နိုင်) ၀၅၁၉၆၀ | ၅၄ | အဖွဲ့ဝင် | မရှိ |
| ၁၁ | ဦးအောင်သိန်း | ဦးစုနီ | ၆/လလန(နိုင်) ၀၅၁၉၅၇ | ၅၄ | အဖွဲ့ဝင် | မရှိ |
| ၁၂ | ဦးလှရွှေ | ဦးသီးရွှေ | ၆/လလန(နိုင်) ၀၂၅၀၄၀ | ၆၃ | အဖွဲ့ဝင် | ၀၉- |
| ၁၃ | ဒေါ်သန်းဝင်း | ဦးဦးတင် | ၆/လလန(နိုင်) ၀၉၉၃၉၇ | ၃၉ | အဖွဲ့ဝင် | မရှိ |
| ၁၄ | ဦးစံဝင်း | ဦးသီးညို | ၆/လလန(နိုင်) ၀၅၂၀၅၈ | ၇၇ | အဖွဲ့ဝင် | မရှိ |
| ၁၅ | ဒေါ်ပိုဝင်း | ဦးသီးရွှေ | ၆/လလန(နိုင်) ၀၂၁၈၈၀ | ၅၂ | အဖွဲ့ဝင် | မရှိ |
| ၁၆ | ဒေါ်ချိုချိုဝင်း | ဦးသီးအောင် | ၆/လလန(နိုင်) ၁၁၈၄၈၁ | ၃၂ | အဖွဲ့ဝင် | ၀၉-၈၉၇၅၂၄၀၀၅ |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၁၉ | ၂၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၄ | ၂၉ | ၇၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၆ | ၃၈ | ၈၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၅ | ၄၆ | ၁၁၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၀၄ | ၃၇၄ | ၆၇၈ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၂၅ | ၅၀ |
| စုစုပေါင်း | | ၄၉၃ | ၅၃၁ | ၁၀၂၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၀၂ | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ်များနည်းပါးပြီး ကျေးရွာ ရှိ လူဦးရေစုစုပေါင်း၏ (၂.၇၃%) သာရှိပါသည်။ အိမ်ထောင်သည်များ၏ သားဆက်ခြား ဆိုင်ရာ အသိပညာ တိုးတက်လာမှု ရှိသည်ဟု ဆိုနိုင်ပါသည်။ ၅နှစ်အောက်ကလေးငယ်များသည် လူဦးရေ စုစုပေါင်း၏ (၇.၁၃%)၊ မူလတန်းကျောင်းသားအရွယ် (၈.၂၀%)၊ အလယ်တန်း ကျောင်းသားအရွယ် (၁၀.၈၄%)၊အလုပ်လုပ် နိုင်သည့်အရွယ် (၆၆.၂၁%)၊ သက်ကြီးရွယ်ကြီးအရွယ် (၄.၈၈%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၃.၇၉)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၃၀၄)ဦး၊ မ(၃၇၄)ဦး စုစုပေါင်း(၆၇၈)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၆.၂၁)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့်
လူသားအရင်းအမြစ်ကောင်းများအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသ ည်။

## (၂)သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့် စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၄၈.၅ | သင့် | ရ | မြေအောက်ရေ |
| ယာမြေ/တောင်ယာ | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့် စမ်း စသည်) |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | ၃၈၄.၅ | သင့် | အနည်းအကျဉ်း | မြေအောက်ရေ |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| စုစုပေါင်း | ၅၃၃ | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာတွင် လယ်မြေ(၁၄၈.၅)ဧက၊ ဥယျာဉ်ခြံမြေ (၃၈၄.၅) ဧကခန့်ရှိပြီး မြေဆီဩဇာ အရည်အသွေးမှာ အလယ်အလတ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် မိုးရေကိုသာ အဓိက အားထားရပါသည်။ မိုးရာသီတွင် လယ်များလုပ်ကိုင်ပြီး ဆောင်းရာသီတွင် ရာသီပေါ်သီးနှံများကို အများဆုံးစိုက်ပျိုးကြ၍ နွေရာသီတွင် အနည်းငယ်သာ စိုက်ပျိုးရပါသည်။ ဆည်/မြောင်းများ မရှိပါ။ မြေအောက်ရေကိုသာ အဓိကထား သုံးစွဲနေရပါသည်။

(၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ခက် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် – ၂၈ ဒီဂရီစင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – ၁၈၉.၇၂ ဒီဂရီစင်တီဂရိတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်၊ ။ဖွားဘုတ်ပြင်ကျေးရွာတွင် ကာဗွန် (ဓါတ်ငွေ့/ရေနံ) မှာ ထွက်ရှိမှုများ မရှိခဲ့ပါ။ အခြားအရင်းအမြစ်များမှာ အသင့်အတင့်ရှိသော်လည်း ငွေကြေးအင်အား မလုံလောက်ခြင်း၊ ကိုယ်ထူကိုယ်ထ မတတ်နိုင်ခြင်းကြောင့် အခက်အခဲများရှိပါသည်။ သဘာဝပင်မျိုးစိတ်များ၊ ဆေးဖက်ဝင်အပင်များကိုလည်း ရွာဘေးပတ်ဝန်းကျင်တွင် အနည်းငယ်သာ တွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အပျို/လူပျို | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အဖွဲ့အစည်းစွမ်းဆောင်ရည် အလွန် ကောင်းမွန်ပါသည်။ |
| ၂ | လူလတ် အသင်း | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အဖွဲ့အစည်းစွမ်းဆောင်ရည် ကောင်းမွန်ပါသည်။ |
| ၃ | နာရေးကူညီ မှုအသင်း | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အကောင်းမွန်ဆုံး ဖြစ်ပါသည်။ |
| ၄ | ကျောင်းအ ကျိုးတော် ဆောင်အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည် အသင့်အတင့် ကောင်းမွန်ပါသည်။ |
| ၅ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃✓ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည် အသင့်အတင့် ရှိပါသည်။ |
| ၆ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့်

နာရေးကူညီမှုအသင်း၊ လူလတ်အသင်း၊ အပျို/လူပျိုအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့ စသည့်အဖွဲ့များသည် အဘက်ဘက်မှ ကျေးရွာလူထုများနှင့် ပူးပေါင်း၍ ရပ်ရွာအကျိုးအတွက် ကူညီလုပ်ဆောင်ပေးနေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကမှ ၁၅ဧကကြား | ၅ဧကမှ ၁၀ဧကအကြား | ၃ဧကမှ ၅ဧကအကြား | မရှိ |
| အိမ်အခြေအနေ | တိုက်၊၁ထပ်၊ အုတ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ထောင်အိမ်၊ ပျဉ်ကာ၊ပျဉ်ခင်း သွပ်မိုး | ပျဉ်ထောင်အိမ်၊ ဓနိမိုး၊ထရံကာ၊ ပျဉ်ခင်း | ဝါးအိမ်၊ဓနိမိုး၊ ဝါးခင်း၊ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊စပါးချွေစက်၊ဆန်စက် ၊ကော်လိုမ့်စက်၊ ထော်လာဂျီ | ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ ရော်ဘာ | ရော်ဘာ၊ရာသီပေါ် သီးနှံ | ရာသီပေါ်သီးနှံ/ မွေးမြူရေး | ပန်းရံကျဘန်း/ အရောင်းအဝယ် |
| အိမ်ထောင်စု | ၂၀ | ၇၂ | ၈၈ | ၂၂ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။ကျေးရွာအိမ်ထောင်စု၏ (၅၀%)သည် ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြသည်။ အဆင်ပြေသောအိမ်ထောင်စုတွင် လယ်မြေ(၁၀-၁၅)ဧကအထက်ပိုင်ဆိုင်သူများ၊ အချို့မှာ လယ်မြေမရှိဘဲ စပါးခြွေလှေ့စက်၊ ဆန်စက်၊ ဆိုင်ကယ်(၂)စီး၊အိမ်အခြေအနေမှာ တစ်ထပ်တိုက်၊ သွပ်မိုးများဖြစ်ကြ၍ အချို့မှာ ကုန်စုံဆိုင်များဖွင့်လှစ်ရောင်းချသူများဖြစ်ကြသည်။

အလယ်အလတ်အိမ်ထောင်စုမှာ(၇၂)အိမ်ခန့်သာရှိပြီး ဆိုင်ကယ်(၁)စီး၊ နွား၊ သုံးဘီးဆိုင်ကယ်၊ လယ်မြေ(၅-၁၀) ဧကခန့် ပိုင်ဆိုင်ကြပါသည်။ အိမ်အခြေအနေမှာ ပျဉ်ထောင်အိမ်၊ သွပ်မိုးများဖြစ်ကြပြီး မိသားစုအချို့မှာရာသီပေါ်သီးနှံများစိုက်ပျိုးကြ၍ တစ်ပိုင်တစ်နိုင်အိမ်ဆိုင်ငယ်လေးများလည်း ဖွင့်လှစ်ရောင်းချသူများဖြစ်ကြပါသည်။ ဝင်ငွေနည်းသော အိမ်ထောင်စုများမှာ ကျေးရွာ၏ (၄၃%)ဖြစ်ပြီး ဆိုင်ကယ် (၁)စီး ပိုင်ဆိုင်၍ ပျဉ်ထောင်အိမ်၊ ဓနိမိုး၊ ထရံကာများဖြစ်ကြပြီး အချို့မှာ ဆိုင်ကယ်မပိုင်ဆိုင်သော

အိမ်များလည်းရှိပါသည်။ ဝင်ငွေအနည်းဆုံးသော မိသားစုများမှာ မြေယာမဲ့များဖြစ်ကြပြီး ကျေးရွာအိမ်ထောင်စု၏ (၁၁%)ဖြစ်၍ နေ့စားကျပန်းလုပ်သားများဖြစ်ကြသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၇ | ၅၂.၉၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ်တာထိ) | ၂၄ | ၁၁.၈၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၃၆ | ၁၇.၈၂ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ) | ၂၈ | ၁၃.၈၆ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၇ | ၃.၄၇ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၂၀၂ | ၁၀၀ | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့အိမ်ထောင်စုမှာ အိမ်ထောင်စု (၁၀၇)ခန့်ရှိ၍ အခြားသူများ၏ မြေယာ၌ အငှားလုပ်ကိုင်နေကြရပါသည်။ (၂.၅) ကေအောက်ရှိသော အိမ်ထောင်စုမှာ (၂၄)အိမ်ခန့်ရှိ၍ (၂.၅) ကေမှ (၅) ကေ ကြားထိရှိသော အိမ်ထောင်စုမှာ(၃၆)အိမ်ခန့်ရှိပြီး (၁၂.၅) ကေအထက်ရှိသော အိမ်ထောင်စုမှာ (၇)အိမ်သာ ရှိပါသည်။ (၅) ကေမှ (၁၂.၅) ကေကြားရှိ အိမ်ထောင်စုမှာ(၂၈)အိမ်ရှိပြီး ထိုသူတို့၏ ပိုင်ဆိုင်သော မြေယာများဖြင့် အဆင်ပြေသလို လုပ်ကိုင်စားသောက် နေရပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇)** အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၁၄၈.၅ | တင်း | ၂၀ | ၄၀ | ၃၀ | နည်း(မြေဆီလွှာဩဇာမကောင်း၊ ရေချောင်းတိမ်ကော၊ ရေကြီးရေလျှံ၊ မျိုးကောင်းမျိုးသန့် ရရှိမှုနည်း) |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာအနေဖြင့် တစ်ရွာလုံး၏အဓိကသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးကို တစ်ရာသီသာ စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး(၂၀)တင်းမှ အများဆုံး (၄၀)တင်းလောက်သာ ရရှိကြပါသည်။စပါးထွက်နှုန်းနည်းရခြင်းမှာ လယ်သမားအများစုသည် မျိုးကောင်းမျိုးသန့်များ လက်လှမ်းမမီခြင်း၊ ဓာတ်မြေသြဇာများကိုလည်း စနစ်တကျမသုံးစွဲတတ်ခြင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ အသိပညာများ အားနည်းခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ ချောင်းများတိမ်ကော၍ လယ်မြေများ ရေကြီးရေလျှံမှုများကိုလည်း နှစ်စဉ်ကြုံတွေ့နေရပါသည်။ မိုးရာသီတွင် ရာသီပေါ်သီးနှံများကို ဥယျာဉ်ခြံများ၌ အနည်းငယ် စိုက်ပျိုးကြပြီး ပွင့်လင်းရာသီတွင် အများစုက လယ်မြေများပေါ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြ ပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၂၅ | ၁၃၂ |
| **နို့စားနွား** | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၇ | ၇၄ |
| ကြက် | ၄၂ | ၉၈၆ |
| ဘဲ | ၈ | ၂၈ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။။ဖွားဘုတ်ပြင်ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများကိုတစ်ပိုင်တစ်နိုင်လုပ်ကိုင်သူ များပါသည်။ မွေးမြူရေးနှင့် ပတ်သက်၍ နွား၊ ဝက်၊ ကြက်၊ ဘဲ များအနည်းငယ်သာ မွေးမြူကြပြီး အခြားမွေးမြူရေးလုပ်ငန်းများ မလုပ်ကိုင်ကြပါ။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၃ | ၃၅ | ၃ | မြင့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | ၅ | ၂ | မြင့် |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၄ | - | ၂ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၁ | ၁ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၂ | - | လတ် |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၁၂ | ၄၃ | ၈ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် လက်သမားနှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ ပွင့်လင်းရာသီတွင် အတော်အသင့်ဝင်ငွေရရှိကြပြီး မိုးရာသီကာလတွင် ဝင်ငွေမှာ အနည်းငယ်သာရရှိကြပါသည်။ အမျိုးသမီးအပ်ချုပ်စက်လုပ်ငန်းများနှင့် ပညာရေးဆရာ/မ လုပ်ကိုင်သူများလည်း အနည်းငယ်ရှိပါသည်။ လက်လီလက်ကားရောင်းဝယ်နေသော ဈေးဆိုင်များလည်း ရှိပြီး နေ့စားကျပန်း လုပ်ကိုင်နေကြသူများလည်း ရှိပါသည်။**

**(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ) (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)** | စခန်းကြီးဈေး | ထားဝယ် (ကမ်းနားဈေး) |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ✓ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ✓ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀ မိုင်အထက် ☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ✓ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ✓ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာမှ တစ်မိုင်နီးပါးဝေးသော စခန်းကြီးကျေးရွာရှိ ဈေးသို့သွားရပါသည်။ အကြီးဆုံးဈေးကွက်(ထားဝယ်ကမ်းနားဈေး)သို့ (၁၁)မိုင်ခန့်သွားရပါသည်။ သယ်ယူပို့ဆောင်ရေးနည်းလမ်းမှာ အများဆုံးဆိုင်ကယ်ကိုသာ အသုံးပြု၍ သွားလာနေကြပါသည်။ ကုန်စည်အမျိုးအစားကောင်းမွန်ပါသော်လည်း ဝန်ဆောင်မှုမှာ အသင့်အတင့်ရှိပါသည်။ အနီးဆုံးဈေးကွက်တွင် ကုန်စည်မျိုးစုံမရနိုင်သော်လည်း ဒေသထွက်ဟင်းသီးဟင်းရွက်များကို ရရှိနိုင်ပြီး အကြီးစားဈေးကွက်တွင် ကုန်စည်မျိုးစုံရရှိ၍ ဈေးနှုန်းလည်း သက်သာ မှုရှိပါသည်။**

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✓၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင်✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁✓၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင်☐<br>၁–၅ မိုင်✓<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာတွင် ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ကြသည်။ လမ်း၏အခြေအနေမှာ ပွင့်လင်းရာသီတွင်သာ အနည်းငယ်သွားလာရ အဆင်ပြေပြီး မိုးရာသီတွင် သွားရေးလာရေးအခက်အခဲ များစွာရှိပါသည်။ ရွာသူ/သားများအားလုံးစုဝေး၍ လမ်းကို နှစ်တိုင်းပြုပြင်သွားလာနေကြရပါသည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | ၁၄'×၈'×၁၂' | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ✓<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | ညံ့ ☐ | ၅နှစ် အထက်☐ | |
| ရေပြွန် | ၁၂'×၇'×၇' | ကောင်း ☐<br>သင့် ☐<br>ညံ့ ✓ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်တံတား(၃)စင်းရှိပြီး ခံနိုင်ရည်မှာ အတော်အတင့် ကောင်းပါသည်။ ရွာဝင်ရေပြွန် (၁)စင်းရှိပါသည်။ ရေပြွန်၏ အရည်အသွေးမှာ အလွန်ညံ့နေပြီး ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။**

## (၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာ၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ မြစ်၊ ပင်လယ်တို့နှင့်မနီးသဖြင့်ရေကြောင်းသယ်ယူပို့ဆောင်မှုမရှိပါ။**

## (၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | လှေ၊ သမ္ဗာန် | စက် လှေ | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၉၉ | ၁၆၉ | ၂ | ၆ | - | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာသည် ပင်လယ်မြစ်ကြောင်း ပို့ဆောင်ရေးမရှိသဖြင့် စက်လှေ၊ သမ္ဗာန်ပို့ဆောင်မှုများ မရှိပါ။စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်သည် သွားရေးလာရေးကိစ္စများနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုကြပါသည်။ ကျေးရွာအတွင်း ဆိုင်ကယ်စီးရေမှာ (၁၆၉)စီး၊ သုံးဘီးဆိုင်ကယ် (၂)စီးနှင့် ထော်လာဂျီ(၆)စီးရှိပြီး ရွာ၏ သယ်ယူပို့ဆောင်ရေးကို ၎င်းယာဉ်များကို အဓိကထား၍ သွားလာနေကြရပါသည်။**

## (၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | - |
| ဆိုလာစနစ် | ၂၂ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၅၅ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၈၆ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာဓာတ်အားလိုင်း မီးတိုင်များ၊** transformer **(၁)လုံး ရောက်ရှိနေပြီး ကျေးရွာအတွင်းသို့ မီးမဖြန့်ဝေသေးပါ။ အသေးစားရေအားလျှပ်စစ်၊ လေစွမ်းအင်၊ ဇီဝလောင်စာအသုံးပြုခြင်းများ မရှိပါ။ အများအားဖြင့် ကျေးရွာမှ ဖြန့်ဝေပေးနေသော ဒီဇယ်အင်ဂျင်ကို အသုံးပြုနေကြပါသည်။ ဆိုလာမီးလင်းရေးအသုံးပြုသောအိမ်မှာ အနည်းငယ်ရှိပါသည်။ လျှပ်စစ်အသုံးမပြုနိုင်သော အိမ်ထောင်စု (၈၆) အိမ်သည် ဖယောင်းတိုင်မီးနှင့် ရေနံမီးခွက်များကိုသာ သုံးစွဲနေကြပါသည်။**

## (၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၀၇ | ၂၀ | ၈၂ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ ဖွားဘုတ်ပြင်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၂၀၇)လုံး ရှိပြီး ဖုန်းလိုင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းပါသည်။ ရေဒီယိုကို လူကြီးများက လူငယ်များ ထက်ပို၍ အသုံးပြုကြသည်။ တီဗီ (၈၂)လုံးနှင့် စလောင်းအရေအတွက်မှာ (၄၅) လုံးခန့်ရှိပါသည်။**

တီဗီထဲမှ သတင်းအချက်အလက်များကိုသာ ကြားရပြီး သတင်းစာ/ ဂျာနယ်/ စာစောင်များမှာ လက်လှမ်းမီမှု ခက်ခဲကြောင်း တွေ့ရှိရပါသည်။

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၇) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၆၁ | ၄၇ | ၁၀၈ |
| အလယ်တန်း | ၃၃ | ၃၅ | ၆၈ |
| အထက်တန်း | ၁၂ | ၈ | ၂၀ |
| တက္ကသိုလ်/ကောလိပ် | ၆ | ၁၄ | ၂၀ |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ ဖွားဘုတ်ပြင်ကျေးရွာတွင် ယခုလက်ရှိတွင် မူလတန်းကျောင်းတစ်ကျောင်းသာရှိပြီး ပညာသင်ကြားနေသူဦးရေမှာ ကျား (၆၁)ဦး၊ မ(၄၇) ဦး၊ စုစုပေါင်း (၁၀၈) ဦး ပညာသင်ကြားနေကြပါသည်။ အလယ်တန်းပညာရေးအဆင့်တွင် ကျား(၃၃)ဦး၊ မ(၃၅)ဦး၊ စုစုပေါင်း (၆၈) ဦးမှ စခန်းကြီးကျေးရွာတွင် သွားရောက်ပညာသင်ကြားရပြီး အထက်တန်းအဆင့်တွင် ပညာသင်ကြား နေသူဦးရေမှာ ကျား (၁၂)ဦးနှင့်မ (၈) ဦးတို့သည် ထားဝယ်မြို့(သို့) ကမြောကင်းကျေးရွာများတွင် သွားရောက်ပညာသင်ကြားရပါသည်။ ယခုလက်ရှိ တက္ကသိုလ်တက်နေသူဦးရေမှာ ကျား(၆)ဦး၊မ(၁၄)ဦးရှိပါသည်။**

**(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ✓<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **ဂ**။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ✓<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ**။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၂၇၀၀၀ ပေ | | | | | | | | |
| **င**။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း✓သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ**။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✓ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ**။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐သင့် ✓<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ**။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ✓ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ**။ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | - | ၅ | ၅ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

**ရင်းမြစ်** … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာတွင် စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုမှာဖြင့် ကျေးရွာစာသင်ကျောင်းသည် ရွာထဲတွင် ရှိပါသည်။ သယ်ယူပို့ဆောင်ရေးမှာ သီးခြားမရှိပါ။ အဆင်ပြေသလို သွားလာနေရပါသည်။ ကျောင်းသား/သူများသည် စက်ဘီး၊ ခြေလျင်ဖြင့် သွားလာ၍ စာသင်ကျောင်း အရွယ်အစားမှာ (၉၀×၃၀)ပေ ကျောင်းဆောင်(၁) ဆောင် ရှိပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိ၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု မရှိသလောက် နည်းပါး၍ ကျောင်းဆရာမဝန်ထမ်းဦးရေမှာ(၅)ဦးရှိပြီး အစိုးရခန့်များဖြစ်ပါသည်။**

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၉) **အဖြစ်များသော** ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☐ | မရှိ✓ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၇ | ဆီးချို | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐နိမ့်✓မရှိ☐ | | |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်✓ | မရှိ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေးများမှာ ရာသီအလိုက် အနည်းငယ်ဖြစ်ပွား၍ ငှက်ဖျား၊ တီဘီ၊ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါမှာ မရှိသလောက် နည်းပါးကြောင်း တွေ့ရှိရပါသည်။ ဆီးချို၊ သွေးတိုး၊ အသည်းရောဂါ(ဘီ၊စီ)၊ အာဟာရချို့တဲ့မှုတို့မှာဖြစ်ပွားနှုန်းအလွန်နည်းပါးပါသည်။**

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၂၀) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း လွန်ခဲ့သော (၁၂)လအတွင်း အဆုတ်ရောဂါ ကာကွယ်ဆေးထိုးမှုမှာ လူနည်းစုသာ တွေ့ရပါသည်။ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါများ၊ ပိုလီယိုရောဂါများ၊ မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း) နှင့် ဝက်သက်ရောဂါတို့တွင် ကာကွယ်ဆေးထိုးနှံမှု ရှိပါသည်။ အခြားစုပေါင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရ မှတ်တမ်းယူမှုတို့မှာ တစ်လတစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ်ခန့် ပုံမှန်ပြုလုပ်ပေးမှုများ ရှိပါသည်။**

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၁) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✓<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ✓ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ✓<br>၁ဝ မိုင်အထက်☐ | ရှိ ✓<br>မရှိ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုမှာ ဒေါင်းရှောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့(၂)မိုင်(၆)ဖာလုံခန့်လောက် သွားရောက်ရပါသည်။ ကျေးလက်ဆေးပေးခန်းမှာ အခန်း၊ ကုတင်နှင့် ဆေးဝါးများလည်း ရှိသင့်သလောက်ရှိပါသည်။ သို့သော် ဖွားဘုတ်ပြင်ကျေးရွာရှိ ရွာသူ/သားများသည် ရောဂါအခြေအနေပြင်းထန်လျှင် (၁၂)မိုင်ခန့်ဝေးသော ထားဝယ်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြရပါသည်။ ဖွားဘုတ်ပြင်ကျေးရွာအတွင်းတွင် ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးကြီးကြပ်ဆရာမ (၁) ယောက်ရှိလျှင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အတော်အဆင်ပြေလာမည်ဖြစ်ပါသည်။**

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၂) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁ဝ၉ | ကောင်း✓ သင့်☐ ညံ့☐ | လုံလောက်မှုရှိ |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ဖွားဘုတ်ပြင်ကျေးရွာတွင် သောက်သုံးရေအဖြစ် ရေတွင်းကိုသာ အဓိကထား အသုံးပြုရပါသည်။ သောက်သုံးရေမှာ တစ်နှစ်ပတ်လုံး အဆင်ပြေသော်လည်း တပေါင်း၊တန်ခူးလများတွင် အခက်အခဲ အနည်းငယ်ကြုံတွေ့ရပါသည်။

**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၃) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၁ |
| ရေလောင်း/ယင်လုံအိမ်သာ | ၉၃ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၁၂ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၁၉ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ဖွားဘုတ်ပြင်ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲမှုမှာ အိမ်ထောင်စု စုစုပေါင်း၏ (၅၀%)ခန့် ရှိပါသည်။ အချို့မှာ တွင်းသာရှိသော အိမ်သာများကို အသုံးပြုကြပြီး အနည်းစုမှာ ဆွေးမျိုးသားချင်း၊ အိမ်နီးချင်းတို့နှင့် မျှသုံးနေကြရပါသည်။ ထိုသူတို့မှာ မြေယာပိုင်ဆိုင်မှုမရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ယင်လုံအိမ်သာများကို တစ်ရွာလုံးသုံးစွဲလာစေရန် ကျန်းမာရေးဌာန၊ World Vision နှင့် ရွာသူ/သားများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ရန် လိုအပ်နေပါသည်။ ယခုအချိန်တွင် ကိုယ်ဝန်သည်၊ ကလေးငယ်များရှိသော မိခင်အိမ်များသို့ World Vision မှ အိမ်သာ (၄၃)လုံးထောက်ပံ့ပေးထားပါသည်။

**(၈) ဘေးအန္တရာယ်များ**

**ဇယား (၂၄) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် |
| ၃ | ရေကြီးခြင်း | မရှိ |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှပ်စီး | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုအနေဖြင့် အဆင်မပြေမှုများ နည်းပါးပါသည်။ စိုက်ပျိုးမြေများ တိုးချဲ့စိုက်ပျိုးရန် မြေနေရာရှိသော်လည်း ငွေကြေးမတတ်နိုင်ခြင်းကြောင့် အခက်အခဲအနည်းငယ် ကြုံတွေ့နေရပါသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ လျှပ်စီးနှင့် မီးဘေးတို့မှာ ဖြစ်ပွားမှုနှုန်း မရှိသလောက် နည်းပါးပါသည်။ ချောင်းတိမ်ကောခြင်းကြောင့် ဆားငန်ရေဝင်မြေများ အနည်းအကျဉ်းရှိပါသည်။ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ပြည်တွင်းပဋိပက္ခနှင့် လူကုန်ကူးမှုများ မရှိပါ။ တိရစ္ဆာန်ကူးစက်ရောဂါ အနည်းငယ် ကျရောက်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ မိုးရာသီကာလတွင် အနည်းငယ် အခက်အခဲ ရှိပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | - |
| အပင်မျိုးစိတ်များ | နိမ့် | - |
| ရေအရင်းအမြစ် | နိမ့် | - |
| ငါးမျိုးကွဲများ | နိမ့် | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအနေဖြင့် မြေဆီသြဇာအခြေအနေမှဦ မြေယာပြုပြင်မှုများ မရှိခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်းဖြင့် မြေဆီလွှာအရည်အသွေး ပျက်စီးမှုများ ရှိပါသည်။

ရေအရင်းအမြစ်များအနေဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးနေရပြီး သောက်သုံးရေအတွက် ရေတွင်းကိုသာ သုံးစွဲကြပါသည်။ အပင်မျိုးစိတ်များအနေဖြင့် ဆေးဖက်ဝင်အပင်အချို့ရှိသော်လည်း အသုံးပြုမှုမရှိသလောက်နည်းပါးပါသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၆) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ✓ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ✓ | မရှိ☐ |
| ၃ | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | ရှိ☐ | မရှိ✓ |
| ၄ | **အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု** | ရှိ☐ | မရှိ✓ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဖွားဘုတ်ပြင်ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် တက်ကြွစွာ ပါဝင်မှုနှင့် ခေါင်းဆောင်မှုတို့တွင် မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော အဖွဲ့အစည်းများတွင် အမျိုးသမီးအများစုမှာ တက်ကြွစွာ ပူးပေါင်းဆောင် ရွက်မှု ရှိကြပါသည်။လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိပါ။အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်မှာ အတော်အသင့်ရှိပါသည်။

**ဖွားဘုတ်ပြင်ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ကျန်းမာရေး** | | | | | |
| | • ကျန်းမာရေးဝန်ဆောင်မှုအချိန်မီမရရှိနိုင်ခြင်း<br><br>• ရေမြောင်းများ ပိတ်ဆို့ခြင်း<br><br>• ကျန်းမာရေးဆိုင်ရာအသိ အားနည်းခြင်း။ | • ကျန်းမာရေးဆေးပေးခန်းမရှိခြင်း<br><br>• ကျေးလက်ဆေးပေးခန်းသို့သွားရန် တံတားမရှိခြင်း<br><br>• အခြေခံပညာအားနည်းခြင်း။ဗဟုသုတအားနည်ခြင်း၊ကျဘန်းအလုပ်လုပ်နေရခြင်း | • မြေအလှူရှင်ရှိခြင်း။<br>• လုပ်အားပါဝင်နိုင်ခြင်း။<br><br>• လုပ်အားပါဝင်ပေးနိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း။<br>• ဦးဆောင်မည့်သူမရှိခြင်း။ | • အလှူရှင်များနှင့်ချိတ်ဆက်ခြင်း<br><br>• သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။<br><br>• ကျန်းမာရေးဗဟုသုတရရှိအောင် ကျေးရွာအတွင်းစည်းရုံးလုပ်ဆောင်ပေးခြင်း<br>• ကျန်းမာရေး အကျိုးဆောင် အဖွဲ့ဖွဲ့၍ ရာသီအလိုက် ရော ဂါများ ကြိုတင်ကာကွယ် နှိုးဆော်ခြင်းများ ပြုလုပ်ခြင်း၊ | ▪ ကျေးလက်ဆေးပေးခန်း (၂ဝ×၁၅×၁၂) ပေတည်ဆောက်ခြင်း နှင့် မြေဖို့ခြင်းလုပ်ငန်း<br><br>• တံတားတည်ဆောက်ခြင်းလုပ်ငန်း (၁၄×၅)ပေ<br><br>• ကျန်းမားရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးရန်လိုအပ်ခြင်း |
| ၂ | **လမ်း၊ တံတား၊ လျှပ်စစ်၊** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • လမ်းမကောင်းခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လုပ်ငန်းလုပ်ကိုင်ရာ၌ ခရီးကြန့်ကြာခြင်း။ | • မြေသားလမ်းဖြစ်နေခြင်း | • ကျေးရွာမှ တစ်နှစ်လျှင် (၂)ကြိမ် လမ်းပြုပြင်ခြင်း။<br>• ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုရှိခြင်း။ | • ငွေကြေးမတတ်နိုင်ခြင်း။ | • သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။ | ▪ စွန်တောင်ပေါ်-ဖွားဘုတ်ပြင်ကျေးရွာချင်းဆက်လမ်း(၂)မိုင် အားကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း။ |
| | • ရေကျော်ခြင်း<br>• လမ်းများပျက်စီးခြင်း | • မြေသားလမ်းဖြစ်နေခြင်း<br>• လမ်းကျဉ်းမြောင်းခြင်း | • လမ်းတိုးချဲ့ဖောက်လုပ်ရန်အတွက် မြေလှူပေးနိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာလမ်းကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာအတွင်းလမ်း(၂)မိုင်အား မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| | • မြေများ ပြိုကျခြင်း ခရီးသွားလာသူများအတွက် အန္တရာယ်ရှိခြင်း | • တံတားတွင် ပိုက်ထည့်ကာ မြေဖို့ထားခြင်း။ | • ကျေးရွာမှ လုပ်အားပါဝင်နိုင်ခြင်း | • တံတားတည်ဆောက်ရန် စံနှုန်းမသိခြင်း။ ငွေကြေးမတတ်နိုင်ခြင်း။<br>• ဦးစီးဦးဆောင်လုပ်မည့်သူမရှိခြင်း။ | • သက်ဆိုင်ရာ ပညာရှင်များ ချိတ်ဆက်ကာ တံတားအသစ်ပြန်လည်တည်ဆောက်ခြင်း။ | • ကျေးရွာအဝင်တံတား(၂၀×၈×၈) ပေ အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်ခြင်း။ |
| ၃ | **ပညာရေး** | | | | | |
| | • ကျွဲ၊နွားများ ကျောင်းဝင်းအတွင်းသို့ ဝင်ခြင်း<br>• အားကစားသမားများ ဝင်ရောက်ကစားခြင်းကြောင့် တံခါးများထိကာ တံခါးများ ပျက်စီးခြင်း<br>• ကျောင်းသားများ | • ကျောင်းခြံစည်းရိုးမရှိခြင်း | • ကျောင်းသားမိဘများ အလှူငွေအနည်းငယ် ထည့်ဝင်ကာ နိုင်သမျှ ဆောင်ရွက်နေခြင်း။ | | • မိဘဆရာအသင်း ပူးပေါင်းကာ ကျောင်းခြံစည်းဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ခြင်း။ | ▪ ကျောင်းခြံစည်းရိုး ( ၃၁၄ )ပေ ကာရံခြင်း။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | ယာဉ်အန္တရာယ်စိုးရိမ်ရ ခြင်း | | • မြေနေရာရှိခြင်း။<br>• ကျောင်းသားမိဘများ အလှူငွေအနည်းငယ် ထည့်ဝင်နိုင်ခြင်း။ | • ငွေကြေးမတတ်နိုင် ခြင်း။<br>• မိဘနှင့် ဆရာပူးပေါင်း မှုအားနည်းခြင်း။ | • ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း<br>• မိဘဆရာအသင်း ပေါင်း ဆောင်ရွက်ရန် | • ကျောင်းအဆောက်အဦ (၄၀×၂၀)ပေ တိုးချဲ့တည်ဆောက်ခြင်း<br>• စာရေးခုံ(၂၀)စုံအား ဖြည့်ဆည်းပေး ခြင်း |
| | • ကျောင်းအဆောက်အဦမလုံလောက်ခြင်း။ | • ကျောင်းသားဦးရေ တိုးလာခြင်း။ | | | | |
| | • ပရိဘောဂများ မလုံလောက်ခြင်း | • ကျောင်းသားဦးရေတိုး လာခြင်း | | | | |
| ၄ | **စိုက်ပျိုးရေး** | | | | | |
| | • ရေကြီးခြင်း၊ စပါးပင် များစိုက်ပျိုးမရခြင်း | • ချောင်းများတိမ်ကောခြင်း | | • ငွေကြေးမပြည့်စုံခြင်း | • သက်ဆိုင်ရာဆည်မြောင်း ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ▪ ချောင်းများ၊ မြောင်းများတူးဖော် ရန်လိုအပ်ခြင်း |
| ၅ | **လူငယ်နှင့်အားကစား** | | | | | |
| | • အလုပ်အကိုင်အခွင့်အ လမ်းနည်းပါးခြင်း | • သက်မွေးဝမ်းကျောင်း ပညာရပ် တက်မြောက်မှု မရှိခြင်း | • ကျေးရွာရှိလူငယ်များ တက်ရောက်သင်ကြား ရန် ဆန္ဒရှိခြင်း | • ငွေကြေးမပြည့်စုံခြင်း<br>• ဗဟုသုတနည်းပါး ခြင်း | • သက်ဆိုင်ရာ ကျေးလက် ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းပညာပေး သင်တန်းများလိုအပ်ခြင်း (ကွန်ပျူတာ၊ ဆိုင်ကယ်ပြင်) |
| ၆ | **မွေးမြူရေးနှင့်ငါးလုပ်ငန်း** | | | | | |
| | • ဝက်များ ဆုံးရှုံးခြင်း ဈေးကောင်းမရခြင်း | • မွေးမြူရေးဆိုင်ရာ အသိ ပညာဗဟုသုတအားနည်း ခြင်း | • | • | • မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ကျေးလက်ဒေ သဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း | • မွေးမြူရေးဆိုင်ရာ နည်းပညာပေး သင်တန်းများ လိုအပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • မျိုးကောင်းမျိုးသန့် မရရှိခြင်း | • လက်လှမ်းမီမှုမရှိခြင်း<br>• ဗဟုသုတအားနည်းခြင်း | | | • မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် ချိတ်ဆက်၍ မျိုးကောင်းမျိုးသန့် ရရှိအောင် ဆောင်ရွက်ခြင်း | • မျိုးကောင်းမျိုးသန့်ရရှိရန် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |